ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

လွိုင်ကော်-ရှားတောမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၉-၂၀၂၀)

# Village Development Plan(VDP)

လွိုင်ကော်မြို့နယ်၊ ထီးစဲခါးကျေးရွာအုပ်စု၊ ကွန်နားကျေးရွာ

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ၁။ မြို့နယ်ပြမြေပုံ | ၃ |
| ၂။ အုပ်စုမြေပုံ | ၄ |
| ၃။ အုပ်စုတွင်ပါဝင်သောကျေးရွာများစာရင်း | ၅ |
| ၄။ ကျေးရွာသမိုင်းကြောင်း(ကျေးရွာအခြေခံအချက်အလက်များ) | ၆ |
| ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၇ |
| ၆။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံ | ၁၀ |
| ၇။ လူမှုရေး နှင့် အရင်းအမြစ်ပြမြေပုံသုံးသပ်ချက် | ၉ |
| ၈။ ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ချက်ပြပုံ | ၁၁ |
| ၉။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်ဇယားသုံးသပ်ချက် | ၁၂ |
| ၁၀။ ရာသီခွင်ပြဇယား | ၁၃ |
| ၁၁။ ရာသီခွင်ပြဇယားသုံးသပ်ချက် | ၁၄ |
| ၁၂။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု | ၁၆ |
| ၁၃။ အရင်းအမြစ် အသုံးပြုမှုနှင့်ထိန်းချုပ်မှု သုံးသပ်ချက် | ၁၈ |
| ၁၄။ ပင့်ကူအိမ်ပြပုံ (ကျား၊မ) | ၁၉ |
| ၁၅။ ပင့်ကူအိမ်သုံးသပ်ချက် (ကျား၊မ) | ၂၀ |
| ၁၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ | ၂၁ |
| ၁၇။ အဖွဲ့အစည်းချိတ်ဆက်မှုပြပုံသုံးသပ်ချက် | ၂၂ |
| ၁၈။ ကော်မတီဝင်များစာရင်း | ၂၄ |
| ၁၉။ ကျေးရွာအချက်အလက်များ (ပုံစံ-၁) | ၂၇ |
| ၂၀။ စီမံကိန်းအချိန်ဇယား (ပုံစံ-၂) | ၃၀ |
| ၂၁။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၃၁ |
| ၂၂။ အစည်းအဝေးမှတ်တမ်းများ | ၄၀ |
| ၂၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | ၄၁ |
| ၂၄။ ဦးစားပေးလုပ်ငန်းများရွေးချယ်ခြင်းဇယား | ၄၃ |
| ၂၅။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ | ၄၄ |

# လှိုင်ကော်မြို့နယ်မြေပုံ



လှိုင်ကော်မြို့နယ်
N
စကေး - ၁လက်မ = ၄မိုင်
ရှမ်းပြည်နယ်
ရှားတောမြို့နယ်
ဒီးမော့ဆိုမြို့နယ်
ဘောလခဲမြို့နယ်
ရည်ညွှန်းချက်
နိုင်ငံတော်နယ်နိမိတ်
ပြည်နယ်နယ်နိမိတ်
မြို့နယ်နယ်နိမိတ်
ကျေးရွာအုပ်စုနယ်နိမိတ်
မြစ်ချောင်း
ကားလမ်း

# ကျေးရွာအုပ်စုမြေပုံ



## ကျေးရွာအုပ်စုတွင် ပါဝင်သော ကျေးရွာများစာရင်း

| စဉ် | ကျေးရွာအုပ်စုအမည် | ကျေးရွာအမည် | မှတ်ချက် |
|---|---|---|---|
| ၁။ | ထီးစဲခါး | ထီးစဲခါး | |
| ၂။ | ထီးစဲခါး | ကျိုင်းတုံ | |
| ၃။ | ထီးစဲခါး | နန်းဟူး | |
| ၄။ | ထီးစဲခါး | နန်းဟူးစံပြ | |
| ၅။ | ထီးစဲခါး | ကုန်းမှီကို | |
| ၆။ | ထီးစဲခါး | လင်ဖုံကြီး | |
| ၇။ | ထီးစဲခါး | ဂမ်ပန် | |
| ၈။ | ထီးစဲခါး | ကုန်းပေါင်း | |
| ၉။ | ထီးစဲခါး | ဒေါ်ဆော်ဂဲ | |
| ၁၀။ | ထီးစဲခါး | ကွန်နား | |
| ၁၁။ | ထီးစဲခါး | ကွန်းနားကလိုးခူ | |
| ၁၂။ | ထီးစဲခါး | ဂမ်ခိုင်း | |
| ၁၃။ | ထီးစဲခါး | ဒေါ်တဟေး | |
| ၁၄။ | ထီးစဲခါး | ဘုရားဖြူ | |
| ၁၅။ | ထီးစဲခါး | ရေကန် | |
| ၁၆။ | ထီးစဲခါး | မိုက်တိန်းဆုံ | |
| ၁၇။ | ထီးစဲခါး | နားကွယ် | |

## လူထုဖဟိုပြုစီမံကိန်းမှ လူထုပူးပေါင်းပါဝင်သောနည်းဖြင့် စတုတ္ထနှစ်စီမံကိန်းမိတ်ဆက်အစည်းအဝေး

## (၂၀၁၉-၂၀၂၀ ) ခုနှစ်

**ကျေးရွာအုပ်စုအမည် - ထီးစဲခါးအုပ်စု　　ကျေးရွာအမည်-ကွန်နားကျေးရွာ　　ရက်စွဲ - ၁၉.၉ . ၂၀၁၉**

*<u>၁။ ကျေးရွာသမိုင်းကြောင်း</u>*

ကွန်နားကျေးရွာသည် ခရစ်နှစ်၁၉၈၀ ခုနှစ်ခန့်တွင် စတင်တည်ထောင်ခဲ့သည်။ ကွန်နားကျေးရွာကို စတင်တည်ထောင်သူမှာ ဦးကျောင်းပညာ၊ ဦးလုံးဖူး၊ ဦးကန့်မောင်၊ ဒေါ်ပမြေဒိုနှင့် ဦးကေတိယတို့ဖြစ်ကြသည်။ ကွန်မှာဆပ်ရွာမှ ပြောင်းရွှေ့လာကြပြီး ကွန်နားကျေးရွာကို တည်ထောင်ခဲ့သည်။ စတင်တည်ထောင်စတွင် အိမ်ထောင်စု(၅)စုနှင့် နေထိုင်ခဲ့ကြပြီး ကွန်နားကုန်းပေါ်တွင် လာရောက်နေထိုင်ခဲ့သည်။ ရှမ်းလူမျိုးစုများဖြစ်ပြီး ဗုဒ္ဓဘာသာကိုကိုးကွယ်ကြသည်။ (၁၉၆၆)ခုနှစ်တွင် ဦးသုဂဏ္ဍမှဦးဆောင်ပြီး နွားလည်းဖြင့် မဲဖျာကျေးရွာထိ ကယားလူမျိုးများကို သွားရောက်ခေါ်ဆောင်လာခဲ့သည်။ ထိုအချိန်တွင် ရှမ်းလူမျိုးစုနှင့် ကယားလူမျိုးစုများ ရောနှောနေထိုင်ကြသည်။

(၁၉၇၀)ခုနှစ်နောက်ပိုင်းတွင် ရှမ်းလူမျိုးများသည်ကုန်းပေါ်တွင်နေထိုင်ရာ နှစ်စဉ်နှစ်တိုင်းရေအရင်းအမြစ်နှင့်ဝေးလံသောကြောင့် ရေအခက်အခဲကိုကြုံတွေ့နေရသောကြောင့် ကုန်းအောက်တွင်ပြောင်းရွှေ့နေထိုင်ခဲ့သည်။ ကုန်းပေါ်ပိုင်းတွင် ကယားလူမျိုးစုများသာကျန်ခဲ့သည်။ တဖြည်းဖြည်း လူဦးရေတိုးပွားလာပြီး ကွန်နားကျေးရွာနှင့် ကွန်နားကလိုးခူကျေးရွာ ဟူ၍(၂)ရွာခွဲပြီး နေထိုင်ကြသည်။ လူဦးရေတိုးပွားလာပြီး အစိုးရဌာနမှ အထက်တန်းကျောင်း(ခွဲ)နှင့် ကျေးလက်ကျန်းမာရေးဆေးပေးခန်းကိုတည်ဆောက်ပေးခဲ့သည်။ (Care)မြန်မာအဖွဲ့မှ မိုးရေလှောင်ကန်(၁)ကန် တည်ဆောက်ပေးခဲ့သော်လည်း ရေရရှိမှုအခက်အခဲကြုံနေရသည်။ ၂၀၁၇ခုနှစ်အစပိုင်း လူထုဖဟိုပြုစီမံကိန်းမှ မော်တာဖြင့်ရေသွယ်တန်းပေးသောကြောင့် ရေလုံလောက်စွာ အသုံးပြုနိုင်ခဲ့သည်။

၂၀၁၇ ခုနှစ်အစပိုင်းတွင် ကွန်နားကျေးရွာ၏ အိမ်ခြေသည် (၉၆)အိမ်နှင့် လူဦးရေသည်(၅၀၉)ဦးရှိခဲ့ပြီး ၂၀၁၇ခုနှစ်နှောင်းပိုင်းတွင် စုစုပေါင်းအိမ်ခြေသည်(၉၇)အိမ်နှင့် လူဦးရေသည် (၅၂၅)ဦးအထိ တိုးပွားလာခဲ့သည်။ (၂၀၁၈)ခုနှစ်တွင် ကွန်နားကျေးရွာ၏ စုစုပေါင်းအိမ်ခြေသည် (၉၇)အိမ်နှင့် စုစုပေါင်း လူဦးရေသည်(၅၃၆)ဦးထိတိုးပွားလာခဲ့သည်။ အိမ်ခြေများတဖြည်းဖြည်းတိုးပွားလာသောကြောင့် မြေပြန့်ပိုင်းတွင် နေစရာမြေနေရာမရှိသောကြောင့် ကုန်းပေါ်ပိုင်းတွင် ပြန်လည်နေထိုင်ခဲ့ကြသည်။ လူဦးရေတိုးပွားလာသည်နှင့်အမျှ ကျေးရွာတွင်း အစည်းအဝေးပြုလုပ်ရန်နေရာ ခက်ခဲသောကြောင့် လူထုဖဟိုပြုစီမံကိန်းနှင့် ကျေးရွာလူထုပူးပေါင်းကာ (၁၁.၁.၂၀၁၈) ရက်မှခန်းမဆောင်ကို စတင်တည်ဆောက်ပြီး (၂၇. ၄.၂၀၁၈) ရက်နေ့တွင် တည်ဆောက်ပြီးစီးခဲ့သည်။

**မှတ်တမ်းတင်သူ**

**အမည်-ဒေါ်နန်းစိန်န**

**ရာထူး-လူထုစည်းရုံးရေးမှူး**

# လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပ | |
| ၁ | လူမှုရေးအရင်း အမြစ်ပြမြေပုံ (social Map/Resource Map) | ၁၃.၃.၂၀၁၇ | ရပ်မိရပ်ဖ ကော်မတီဝင်များ | ၃၇ | ၄၃ | ၈၀ | အိမ်အမျိုးအစားများ၊အခြေခံ အဆောက်အဦးများ၊လမ်းပန်း ဆက်သွယ်ရေးအခြေအနေ၊ လယ်ယာမြေ၊မြစ်ချောင်း၊ ရေတွင်းရေကန်သစ်တောများ |
| ၂ | ဉစ္စာနေကြွယ်ဝမှု အဆင့်သတ်မှတ်ချက် (Wealth Ranking) | ၁၃.၃.၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါးအုပ်စု | ၃၇ | ၄၃ | ၈၀ | ကျေးရွာလူမှုစီးပွားအုပ်စုများ၊ ခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများသတ်မှတ်ခြင်း ကျေးရွာသားမျးနှင့်အများသ ဘောတူခွဲခြားသတ်မှတ်ခြင်း |
| ၃ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၁၃.၃.၂၀၁၇ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၃၇ | ၄၃ | ၈၀ | အမျိုးသမီးနှင့် အမျိုးသားများ ပိုင်ဆိုင် ပြီးထိန်းချုပ်ထားသည့် ပိုင်ဆိုင်မှု(သို့) အရင်းအမြစ် များကိုသုံးသပ်ခြင်း |
| ၄ | ရာသီခွင်ပြက္ခဒိန် Seasonal Calender | ၁၃.၃.၂၀၁၇ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၃၃ | ၄၃ | ၈၀ | ရာသီဉတု၊စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ ဝင်ငွေထွက်ငွေ၊မွေးမြူ ရေးလုပ်ငန်းများ၊ |
| ၅ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၁၃.၃.၂၀၁၇ | အမျိုးသား၊ အမျိုးသမီးများ | ၃၇ | ၄၃ | ၈၀ | အမျိုးသား၊အမျိုးသမီးများတန်းတူအ ခွင့်အရေးရရှိမှုနှင့်မရရှိသည့် အကြောင်း အရင်းများ |
| ၆ | အဖွဲ့အစည်းချိတ် ဆက်ပုံ(Venn Diagram) | ၁၃.၃.၂၀၁၇ | ကျေးရွာလူမှုဖွံ့ဖြိုးရေး အဖွဲ့၊အုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာ စီထောက်အဖွဲ့ | ၃၇ | ၄၃ | ၈၀ | ကျေးရွာတွင်ရှိအဖွဲ့အစည်းများ နှင့်ဖွံ့ဖြိုးရေးလုပ်ငန်းအ တွက် ချိတ်ဆက်ဆောင်ရွက်လုပ်ကိုင်မှု |

# ကွန်နားကျေးရွာ၏ အရင်းအမြစ်ပြ မြေပုံ

ကျေးရွာ၏ လူမှုရေးအရင်းအမြစ်ပြမြေပုံ ရေးဆွဲခြင်း

မြို့နယ် ....လွိုင်ကော်.... ကျေးရွာအုပ်စု ...ဘိုးဆဲခီး... ကျေးရွာ ....ကွန်နား....... ရက်စွဲ ၁၉-၉-၂၀၁၉




ပါဝင်ဆွေးနွေးသူ -

ကျား - ၃၇ ဦး

မ - ၄၃ ဦး

မှတ်တမ်းတင်သူ

အမည် ဒေါ်နန်းခိုန်ဥ

ရာထူး လူထုလူ့စွမ်းရည်ဖွံ့ဖြိုးရေးမှူး

# ကွန်နားကျေးရွာ၏ အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်

# ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်

ကွန်နားကျေးရွာသည် ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ထီးစဲခါးအုပ်စုထဲတွင် ပါဝင်သော ရွာငယ်လေးဖြစ်ပါသည်။ (၂၀၁၉)ခုနှစ်တွင် စုစုပေါင်းအိမ်ခြေသည် (၁၀၁)အိမ်ရှိပြီး စုစုပေါင်းလူဦးရေ (၅၄၉)ဦးရှိသည်။ ရှမ်းလူမျိုးများ အများဆုံးနေထိုင်ကြပြီး ကယား၊ တောင်ရိုးနှင့် ပအိုဝ့်လူမျိုးများလည်း အနည်းငယ် ရောနှောနေထိုင်ကြသည်။ တစ်ရွာလုံး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။ အုပ်စုရွာနှင့် (၄) မိုင်ခန့်ဝေးကွာပြီး ရွာ၏အကျယ်အဝန်းသည် ဧက(၄၀)ခန့် ကျယ်ဝန်းပါသည်။ ကျေးရွာတွင်းတွင် ကွမ်းသီးပင်၊ ကွမ်းရွက်ပင် စသောအပင်များနှင့် ဖုံးလွှမ်းပြီး အေးချမ်းသာယာသော ရွာလေးဖြစ်ပါသည်။ ကျေးရွာ၏ အနေအထားသည် လျှောစောက်ပုံသဏ္ဍာန်ဖြစ်သည်။ ကုန်းပေါ်ပိုင်းသည် ကတ္တရာလမ်း၏ တောင်ဘက်တွင်ရှိပြီး၊ အောက်ဘက်ခြမ်းသည် ကတ္တရာလမ်း၏ မြောက်ဘက်တွင်ရှိသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ဝမ်ခိုင်းကျေးရွာ၊ အနောက်ဘက်တွင် ကွန်နားကလိုးခူကျေးရွာ၊ မြောက်ဘက်တွင် လယ်ကွင်းများနှင့် တောင်ဘက်တွင် တောင်ယာစိုက်ခင်းများရှိပါသည်။

ကျေးရွာ၏ အဓိကလုပ်ငန်းမှာ တောင်ယာ၊လယ်ယာ လုပ်ငန်းဖြစ်ပြီး စပါးနှင့် ပြောင်းကို အဓိက စိုက်ပျိုးကြသည်။ အခြားစိုက်ပျိုးသီးနှံများမှာ နမ်း၊မြေပဲ၊ပဲစင်းငုံ၊ကြက်သွန်နီ၊ ကြက်သွန်ဖြူတို့ကိုလည်း အနည်းငယ်စိုက်ပျိုးကြသည်။ မိုးရာသီတွင်စားသုံးရန် ဟင်းသီးဟင်းရွက်များကိုလည်း တပိုင်တနိုင် စိုက်ပျိုးကြသည်။ နှစ်ရှည်ပင်ဖြစ်သော ကွမ်းသီးပင်၊ ကွမ်းရွက်ပင် တို့ကိုလည်း အိမ်တိုင်းတွင် စိုက်ပျိုး ထားပါသည်။ ရွာဘေးပတ်လည်တွင် စိုက်ပျိုးရေးပြုလုပ်ရန် မြေနေရာမရှိသောကြောင့် ဝေးလံသော နေရာသို့ တောင်ယာ၊လယ်ယာများကို ညအိပ်ကာ သွားရောက်လုပ်ကိုင်ကြသည်။ အခြားသောလုပ်ငန်း များမှာ ပန်းရံလုပ်ငန်း၊ လက်သမားလုပ်ငန်းများ ပြုလုပ်ကြသည်။ သစ်တောများပြုန်းတီးပြီး ရာသီဥတု ဖောက်ပြန်ကာ စိုက်ပျိုးရာသီတွင် မိုးခေါင်ခြင်း၊ ပိုးမွှားများဖျက်ဆီးခြင်း၊ ဈေးကွက်ကောင်းများ မရခြင်း တို့ကြောင့် စားဝတ်နေရေးပြေလည်မှုမရှိကာ အခြားသောနိုင်ငံရပ်ခြား ဒေသသို့သွားရောက် အလုပ် လုပ်ကိုင်ကြရသည်။ ကွန်နားကျေးရွာတွင် မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ်လုပ်ကိုင်ခြင်းမရှိပေ။ စားသုံး ရန်ကြက်နှင့် ခိုင်းရန်နွားများကို အနည်းငယ် မွေးမြူထားကြသည်။

ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းမှာ (၂၀၁၅-၂၀၁၆)ခုနှစ်တွင် (careMyanmar) အဖွဲ့မှမိုးရေလှောင်ကန် (၃)ကန် တည်ဆောက်ပေးထားသည်။ ကုန်းအောက်ဘက်ခြမ်းရှိ အိမ်ခြေများသည် ရေအရင်းအမြစ်နှင့် နီးသောကြောင့် ရေလုံလောက်မှုရှိသည်။ ကုန်းပေါ်ဘက်ခြမ်းရှိ အိမ်ခြေများသည် မိုးရာသီတွင် မိုးရေ သိုလှောင်ကာ အသုံးပြုကြရသည်။ နွေရာသီတွင် ရေနစ်စဉ်နှစ်တိုင်း ရေမလုံလောက်သော ပြဿနာကို ကြုံတွေ့ရသည်။ ရေလုံလောက်မှုမရှိသောကြောင့် ရေကို လူဖြင့်သွားရောက်ခပ်ယူရခြင်း၊ ထော်လဂျီ တစ်စီးလျှင် ကျပ်(၃၀၀၀)ဖြင့် ဝယ်ယူသုံးစွဲကြရခြင်းဖြင့် ချွေတာကာ အသုံးပြုကြရသည်။ (၂၀၁၇)ခုနှစ် လူထုဗဟိုပြုစီမံကိန်းမှ ရေတွင်းတူးပြီးမော်တာဖြင့် ရေပိုက်သွယ်တန်းထားပေးသောကြောင့် ယခုအခါ တွင် ရေကိုလုံလောက်စွာ အသုံးပြုနိုင်ပြီဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေးအခြေအနေသည် လွိုင်ကော်မြို့နှင့် ဆက်သွယ်သောလမ်းသည် ကတ္တရာ လမ်းဖြစ်သော်လည်း ကျေးရွာတွင်း လမ်းပန်းဆက်သွယ်ရေးသည် မိုးရာသီတွင်ရွာတွင်း လမ်းကြား

များ ပွက်ထပြီး သွားလာရာတွင်ခက်ခဲခြင်း၊ နွေရာသီတွင် ဖုန်များသောကြောင့် သွားရေးလာရေးခက်ခဲခြင်းကို နှစ်စဉ်နှစ်တိုင်းကြုံတွေ့ရသည်။ (၂၀၁၈)ခုနှစ်တွင် ကတ္တရားလမ်းမမှကုန်းပေါ်ပိုင်းထိ ပေ(၈၀၀) ခန့်ရှိသော ကွန်ကရစ်လမ်းကို ကျေးရွာကိုယ်ထူကိုယ်ထဖြင့် ဆောင်ရွက်ခဲ့သည်။ ၂၀၂၀ခုနှစ် နှစ်စပိုင်းတွင် ကုန်းအောက်ဘက်ခြမ်းရှိ ကျေးရွာလယ်လမ်းကို မြေသားလမ်းမှ ကွန်ကရစ်လမ်းပေ(၁၂၀၀) အဖြစ် ကတ္တရာလမ်းမကြီးမှရွာစွန်ထိ ကျေးရွာလူကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်ကြသည်။

ကျေးရွာ၏ကျန်းမာရေးကဏ္ဍသည် ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲရှိသည်။ ဆရာ/ဆရာမ အင်အားမလုံလောက်မှု၊ ဆေးဝါးကိရိယာစုံလင်စွာ မရှိသောကြောင့် အရေးပေါ်အခြေနေတွင် လှိုင်လင်လေးဆေးရုံနှင့် လှိုင်ကော်ဆေးရုံသို့ ပို့ဆောင်ကုသကြပါသည်။ ကျေးရွာပြင်ပအဖွဲ့ဖြစ်သော ကရင်နီနယ်လှည့်ကျန်းမာရေးအဖွဲ့က (၁)လလျှင်(၁)ကြိမ် ဆေးဝါးထောက်ပံ့မှုများ၊ ဆေးကုသမှုများ ပြုလုပ်ပေးပါသည်။

ကွန်နားကျေးရွာ၏ ပညာရေးအဆောက်အအုံများအဖြစ် အထက်တန်းကျောင်းခွဲ(၁)ကျောင်းနှင့် စာကြည့်တိုက်ရှိပါသည်။ စာသင်ကျောင်းဆောင်များသည်အုတ်နှင့် ခမ်းနားထည်ဝါစွာ တည်ဆောက်ပေးထားသော်လည်း ကျောင်းခြံစည်းရိုးသည် ခြစားပျက်စီးနေသည်။ ကျောင်းခြံစည်းရိုးမရှိသောကြောင့် ကျောင်းဝန်းလုံခြုံမှုမရှိချေ။ ပညာရေးဝန်ထမ်းများနေထိုင်ရာ ကျောင်းဝန်းအတွင်းတွင် ဝန်ထမ်းအိမ်ရာ (၁)လုံးရှိသည်။ ကျေးရွာတွင်စာကြည့်တိုက်ရှိသော်လည်း စာအုပ်များစုံလင်စွာမရှိသောကြောင့် စာဖတ်သူ ကျေးရွာသူ/သားများကလည်း လာရောက်ခြင်းမရှိပေ။

ကျေးရွာတွင်း အဆောက်အဦကဏ္ဍများမှာ ကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းနှင့် ဆွမ်းစားကျောင်းဆောင်ရှိသည်။ ကျေးရွာလူဦးရေတိုးပွားလာသည်နှင့်အမျှ သာရေး/နာရေးကိစ္စ၊ကျေးရွာဖွံ့ဖြိုးရေးကိစ္စ ပြုလုပ်ရန်လူထုစုဝေးရန်နေရာအခက်ခဲခြင်း၊ ရပ်ရေးရွာရေးကိစ္စ အစည်းဝေးပြုလုပ်ရာတွင် ဘုန်းကြီး ကျောင်းတွင်သာပြုလုပ်ရခြင်းကြောင့် (၂၀၁၇-၂၀၁၈)ခုနှစ်တွင် လူထုဗဟိုပြုစီမံကိန်းအဖွဲ့မှ ကျေးရွာခန်းမဆောင်ကို ကျေးရွာလူထုနှင့်ပူးပေါင်းကာ တည်ဆောက်ပေးခဲ့သည်။

ကျေးရွာတွင်လွန်ခဲ့သော (၁၂)နှစ်ခန့်ကသစ်တောများရှိသော်လည်း သစ်တောများပြုန်းတီးလာပြီး ရာသီဉတုဖောက်ပြန်လာကာ ရေဓါတ်များလျော့နည်းလာပြီး မြေဆီမြေလွှာများ ခန်းခြောက်လာကြောင်း ဆွေးနွေးချက်များအရ သိရှိရသည်။

ကွန်နားကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်ချက်များမှာ ကျန်ရှိနေသော ကျေးရွာတွင်းလမ်းသွယ်လမ်းကြားများ ကောင်းမွန်ရန်လိုအပ်ခြင်း၊ ကျေးရွာချင်းဆက်လမ်း ကောင်းမွန်ရန်လိုအပ်ခြင်း၊ ရေသိုလှောင်ရန် အုတ်ရေလှောင်ကန်လိုအပ်ခြင်း၊ ခန်းမဆောင်အိမ်သာနှင့် အဝင်တံတားလိုအပ်ခြင်း၊ ခန်းမဆောင်ရှိသော်လည်း မြေကာနံရံလိုအပ်ခြင်း၊ စိုက်ပျိုးနည်းပညာနှင့် စိုက်ပျိုးမျိုးစေ့ထောက်ပံ့ပေးရန်လိုအပ်ခြင်း၊ အမျိုးသမီးများအတွက် အသက်မွေးဝမ်းကြောင်း ဆိုင်ရာသင်တန်း( ဆပ်ပြာ၊မုန့်)ပြုလုပ်နည်း ပညာသင်များစသည်တို့ လိုအပ်နေသေးကြောင်း တွေ့ရှိရသည်။

# ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ချက်ပြပုံ

**မြို့နယ် - လှိုင်ကော် ၊ ကျေးရွာအုပ်စု - ထီးစဲခါး၊ ကျေးရွာ - ကွန်နား ၊ ရက်စွဲ - ၁၉.၉.၂၀၁၉**

| အမျိုးအစား | သတ်မှတ်ချက်/ညွှန်းကိန်းများ | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| အဆင်ပြေသော အုပ်စု | တိုက်အိမ်(သွပ်မိုး)၊ကား၊ထော်လာဂျီ၊ကုန်တင်ကား၊ထွန်စက်ကြီး၊ လယ်(၈)ဧက၊ တောင်ယာ(၁၄)ဧက၊ ကိုင်းရှည်စက်၊ ဈေးဆိုင်၊ ဆိုင်ကယ်၊ မြက်ရိတ်စက်၊ ပြောင်းချွေစက်၊ကျွဲ၊ ကလေးများ ၏ပညာရေးကို ထောက်ပံ့ပေးနိုင်ခြင်း၊ | ၁၉ | ၁၈.၈% |
| အလယ်အလတ် အုပ်စု | တိုက်အိမ်(သွပ်မိုး)၊တိုက်ပု၊ပျဉ်ထောင်အိမ်၊ ထော်လာဂျီ၊ကိုင်းရှည်စက်၊ လယ်(၅)ဧက၊ တောင်ယာ(၈)ဧက၊ ဆိုင်ကယ်၊နွား၊ ကြက်မွေးမြူခြင်း၊ ဟင်းသီးဟင်းရွက်စိုက်ခြင်း၊ မြတ်ရိတ်စက်၊ ကလေးများကို ကျောင်းထောက်ပံ့ပေးနိုင်ခြင်း။ | ၅၀ | ၄၉.၅% |
| မပြေလည် သော အုပ်စု | ထရံကာ(ဖက်မိုး)၊တောင်ယာအနည်းငယ်၊စက်ဘီး၊ ကြက်မွေးမြူခြင်း ၊ ဝက်မွေးမြူခြင်း၊ ကျုံးရာကျဘမ်း လုပ်ကိုင်ခြင်း၊ | ၃၂ | ၃၁.၇% |
| စုစုပေါင်းအိမ် ထောင်စု | | ၁၀၁ | ၁၀၀% |

**ပါဝင်ဆွေးနွေးသူ**

ကျား- (၃၈)ဦး

မ- (၄၆)ဦး

**မှတ်တမ်းတင်သူ**

အမည် - ဒေါ်နန်းစိန်န

ရာထူး - လူထုစည်းရုံးရေးမှူး

# ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်ဇယားသုံးသပ်ချက်များ

ကွန်နားကျေးရွာတွင် ဥစ္စာဓာနကြွယ်ဝမှုအဆင့်(၃)ဆင့် သတ်မှတ်ထားကြသည်။ အဆင်ပြေသောအဆင့်၊ အလယ်အလတ်အဆင့် နှင့် နွမ်းပါးသောအဆင့်ဟူ၍ သတ်မှတ်ထားကြသည်။ အဆင်ပြေသောအုပ်စုတွင် အိမ်ခြေ(၁၉)အိမ်ခန့်နှင့် ၁၈.၈%ခန့်ရှိပါသည်။ ထိုသူတို့သည် နှစ်ထပ်တိုက်ဖြင့် တည်ဆောက်ကာ နေထိုင်ကြပြီး ဈေးဆိုင်ဖွင့်လှစ်ထားခြင်း၊ ကားကုန်တင်ကား၊ ထော်လာဂျီ၊ ထွန်စက်ကြီး၊မြတ်ရိတ်စက်၊ ပြောင်းချွေစက်၊ ကျွဲနှင့်လယ်(၈)ကေနှင့်အထက်၊ တောင်ယာ (၁၄)ကေအထက် ပိုင်ဆိုင်ထားကြသည်။ အဆင်ပြေသောအုပ်စုသည် ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းနှင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် (၁)နှစ်ဝင်သည် ငွေသိန်း(၄၀)ခန့်ရှိသည်။ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းဖြင့် ရပ်တည်နိုင်သောကြောင့် ကလေးပညာရေးကို ဆုံးခန်းတိုင်အောင် ထောက်ပံ့ပေးနိုင်ခဲ့သည်။

အလယ်အလတ်အုပ်စုတွင် (၅၀)အိမ်နှင့် (၄၉.၅%)ခန့်ရှိပြီး နှစ်ထပ်တိုက်၊ တိုက်ပု(သွပ်မိုး)ပျဉ်ထောင်အိမ်ဖြင့် တည်ဆောက်ကာ စားဝတ်နေရေးအသင့်တင့် ပြေလည်မှုရှိသည်။ စိုက်ပျိုးရေးကို အဓိက လုပ်ကိုင်သောကြောင့် လယ်ယာသုံးစက်ပစ္စည်းကိရိယာနှင့် ထော်လာဂျီ၊ဆိုင်ကယ်၊ ခိုင်းနွား၊ မြတ်ရိတ်စက် စသည်တို့ကို ပိုင်ဆိုင်ထားကြသည်။ လယ်(၅)ကေနှင့် တောင်ယာ(၈)ကေ ပိုင်ဆိုင်ထားကြသည်။ ကြက်မွေးမြူခြင်း၊ ဟင်းသီးဟင်းရွက် စသည်တို့ကိုလည်း တစ်ပိုင်တစ်နိုင် လုပ်ကိုင်ကြသည်။ တချို့သောအိမ်တွင် အားလပ်သောအချိန်၌ ပန်းရံလုပ်ငန်း၊ လက်သမားလုပ်ငန်းကိုလည်း လုပ်ကိုင်ကြသည်။ တစ်နှစ်လျှင် ပျမ်းမျှဝင်ငွေသိန်း (၂၀)ခန့်ရှိသည်။ ဝင်ငွေနှင့်ထွက်ငွေသည် မမျှသောကြောင့် စားဝတ်နေရေး အသင့်တင့်သာ ပြေလည်မှုရှိပါသည်။

နွမ်းပါးသောအုပ်စုတွင် စုစုပေါင်းအိမ်ခြေသည် (၃၂)အိမ်နှင့် (၃၁.၇%)ခန့်ရှိသည်။ ထရံကာဖက်မိုးအိမ်ဖြင့် တည်ဆောက်ကာ နေထိုင်ကြသည်။ တောင်ယာအနည်းငယ်၊ အိမ်ကြက်၊ ဆိုင်ကယ် စသည်တို့ကို ပိုင်ဆိုင်ထားကြသည်။ တနှစ်ပတ်လုံးစားဝတ်နေရေး အဆင်မပြေသောကြောင့် ကြုံရာကျပန်းအလုပ်ဖြစ်သော ခြံအငှားလိုက်ခြင်း အလုပ်တို့ကို လုပ်ကိုင်ကြသည်။ တနှစ်တာဝင်ငွေနှင့် ထွက်ငွေသည်မမျှသောကြောင့် ပြေလည်သောအုပ်စုထံတွင် ချေးငွေယူကာ သီးနှံထွက်ချိန်တွင် အငှားပြန်လိုက်ပေးခြင်း၊ သီးနှံရောင်းချပေးခြင်းတို့ဖြင့် ပြန်ဆပ်ကြရသည်။ ကျေးရွာတွင် ဝင်ငွေရသောအလုပ်မရှိခြင်းကြောင့် အခြားသောဒေသတို့ သွားရောက် အလုပ်လုပ်ကိုင်ကြရသည်။

နွမ်းပါးရသောအကြောင်းရင်းမှာ ဝင်ငွေရသော အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ ကျဘမ်းအလုပ်လုပ်ကိုင်နေရခြင်း၊ အိမ်ထောင်ဦးစီးတစ်ဦးတည်းသာ ရှာဖွေကျွေးမွေးရခြင်း၊ မိဘအမွေအနှစ်များမရရှိခဲ့ခြင်း၊ မိသားစုဝင်များခြင်း၊ ကိုယ်ပိုင်စိုက်ပျိုးမြေနေရာမရှိခြင်း၊ ပညာသင်ကြားခွင့်မရရှိခြင်းတို့ကြောင့်ဖြစ်သည်။ နွမ်းပါးသူများအတွက်အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးခြင်းဖြင့် စားဝတ်နေရေးပိုမို အဆင်ပြေလာနိုင်ကြောင်း သုံးသပ်မိသည်။

# ရာသီခွင်ပြ ဇယား၏ မြေပုံ


ရာသီခွင်ပြက္ခဒိန်
အကြောင်းအရာ
တန်ခူး
ကဆုန်
နယုန်
ဝါဆို
ဝါခေါင်
တော်သလင်း
သီတင်းကျွတ်
တန်ဆောင်မုန်း
နတ်တော်
ပြာသို
တပို့တွဲ
တပေါင်း
ရာသီဥတု
စိုက်ပျိုးရေး
ဝင်ငွေ/ထွက်ငွေ
ကျန်းမာရေး
ပွဲလမ်းသဘင်
သောက်သုံးရေ ရရှိမှု
အစားအစာဖူလုံမှု
ပါဝင်ဆွေးနွေးသူ
ကျား- ၃၇ ဦး
မ- ၄၃ ဦး
မှတ်တမ်းတင်သူ
အမည်
ရာထူး

# ရာသီခွင်ပြ ဇယား၏ သုံးသပ်ချက်များ

ရာသီခွင်ပြက္ခဒိန်၏ သုံးသပ်ချက်အရ ကွန်နားကျေးရွာသည် စုစုပေါင်းအိမ်ခြေ(၁၀၁)အိမ်ရှိသော်လည်း အိမ်ခြေ(၉၅)ခန့်သာ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသည်။ သီးနှံများ စိုက်ပျိုးရန် တပေါင်းလ၊ တန်ခူးလတွင် တောင်ယာများကို မြက်ရှင်းလင်းကြပြီး မီးရှို့ခြင်း စသောလုပ်ငန်းများကို ဆောင်ရွက်ကြပါသည်။ စပါး၊ ပြောင်းနှင့်ပဲစင်းငုံတို့ကို ကဆုန်လ၊ နယုန်လ၊ဝါဆိုလတွင် စိုက်ပျိုးကြပါသည်။ သီးနှံပျိုးထောင်သော ကာလအပြီးတွင် ပိုးသတ်ဆေးဖျန်းခြင်း၊ မြေသြဇာထည့်ခြင်း၊ ပေါင်းလိုက်ခြင်း စသည်တို့ကို ပြုလုပ်ရပြန်သည်။ ကောက်စောစပါးကို တော်သလင်းလတွင် ရိတ်သိမ်းကြပြီးကျန်သော သီးနှံများကို သီတင်းကျွတ်လ၊တန်ဆောင်းမုန်းလတွင်ရိတ်သိမ်းကြသည်။ နတ်တော်လတွင်အိမ်တွင်းစားသုံးရန်ကြက်သွန်ဖြူ၊ကြက်သွန်နီကိုလယ်ထဲတွင် ရေသွင်းသောစနစ်ဖြင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြပြီး တပေါင်းလ၊ တန်ခူးလတွင် ကြက်သွန်များ နှုတ်ကြပါသည်။

ကဆုန်လမှ ဝါဆိုလအထိ အဆင်ပြေသောအုပ်စုနှင့် အလယ်အလတ်အုပ်စုသည် သီးနှံများပျိုးထောင်သော ကာလဖြစ်သောကြောင့် ထွက်ငွေများသော်လည်း လယ်ယာမြေမရှိသော အုပ်စုသည် ဝင်ငွေများသောကာလဖြစ်သည်။ စပါး၊ပြောင်း စသည်တို့ကိုလည်း သီတင်းကျွတ်လမှ နတ်တော်လထိ ရိတ်သိမ်းရောင်းချပြီး ဝင်ငွေ၊ထွက်ငွေများ သောကာလဖြစ်သည်။ လယ်၊ တောင်ယာမရှိသော အိမ်ထောင်စုများသည်လည်း နေ့စားလိုက်ခြင်း ဖြင့်ဝင်ငွေရှာကြသည်။ သီးနှံများ၏ ဈေးနှုန်းအတက် အကျပေါ်မူတည်ကာတစ်နှစ်တာဝင်ငွေနှင့် ထွက်ငွေသည် အတိုးအလျော့ရှိသည်။ ပြေလည်သော အုပ်စုနှင့် အလယ်အလတ်အုပ်စု၏ တစ်နှစ်တာ ဝင်ငွေသည် တစ်နှစ်တာအသုံးစရိတ်လုံလောက်မှုရှိသော်လည်း ဝင်ငွေနည်းသောနွမ်းပါးအုပ်စုတွင်လုံလောက်မှု မရှိချေ။ အကယ်၍မလုံလောက်လျှင် ဈေးငွေယူကသီးနှံထွက်ချိန်တွင် အဌားပြန်လိုက်ပေးခြင်းဖြင့် ပြန်ဆပ်ကြသည်။

မိုးဦးကာလတွင် သစ်သီးဝလံမှည့်သော အချိန်ဖြစ်သောကြောင့် ဝမ်းလျှော ဝမ်းပျက်ရောဂါ ခံစားရသည်။ နတ်တော်လတွင် မိုးအကုန်ဆောင်းကူးသော ကာလဖြစ်သောကြောင့် နာစေး၊ချောင်းဆိုးခြင်း၊ ရာသီ တုတ်ကွေးစသော ရောဂါကို တဖန်ခံစားရကြောင်း ရာသီခွင်ပြက္ခဒိန် သုံးသပ်ချက်အရ တွေ့ရှိရသည်။

ရာသီခွင်ပြက္ခဒိန်၏ ပွဲလမ်းသဘင်သုံးသပ်ချက်အရ တန်ခူးလတွင်ဘုန်းကြီးကျောင်းတက်ပွဲ၊ သက်ကြီးရွယ်အိုပူဇော်ပွဲကို ကျင်းပကြပြီးဝါဆိုလတွင် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဆင်နွှဲကြသည်။ တော်သလင်းလတွင် အလုပ်များသောအချိန်ဖြစ်သော်လည်း ဘာသာရေးပွဲတော်ကို အစဉ်အလာ မပျက်ဆင်နွှဲကြသည်။ သီတင်းကျွတ်လတွင်ရိုးရာအစဉ်အလာဖြစ်သော ဆီမီးပူဇော်ပွဲကို ဆင်နွှဲကြသည်။ စပါး ၊ပြောင်းတို့ကို နတ်တော်လထိ ရိတ်သိမ်းရောင်းချပြီး ကထိန်သင်္ကန်းကပ်ပွဲ၊ နတ်တော်လတွင် ရှမ်းနှစ်သစ်ကူးပွဲ၊ ကောက်သစ်စားပွဲတို့ကို ပျော်ရွှင်စွာ ဆင်နွှဲကြသည်။

သောက်သုံးရေရရှိမှုတွင်တပို့တွဲလမှ နယုန်လအထိ ရေအရင်းအမြစ်လျော့နည်းသော ကာလဖြစ်သောကြောင့် ရေလုံလောက်စွာ အသုံးမပြုနိုင်ပေ။ မိုးရာသီဖြစ်သော ဝါခေါင်လမှ တန်ဆောင်မုန်းလအထိ ရေကို လုံလောက်စွာ အသုံးပြုနိုင်သည်။

အစားအစာဖူလုံမှုတွင် နယုန်လ၊ ဝါဆိုလ၊ဝါခေါင်လတွင် ကောက်သစ်စပါးများ ထွက်ရှိခြင်း မရှိသေးသောကြောင့် အနည်းအငယ် ခက်ခဲမှုရှိပါသည်။ သီတင်းကျွတ်၊တန်ဆောင်မုန်းလတွင် စပါးရိတ်သိမ်းပြီး ကာလဖြစ်သောကြောင့် အစားအစာဖူလုံမှုရှိသော ကာလဖြစ်သည်။ မိုးရာသီတွင် မီးဖိုချောင်သုံးရန်အတွက် ဟင်းသီးဟင်းရွက် ပေါများပြီး၊ နွေရာသီတွင် ဟင်းသီးဟင်းရွက်များ ရှားပါးသောကြောင့် ဝယ်ယူစားသုံးကြရသည်။

ကွန်နားကျေးရွာသည် စိုက်ပျိုးရေးလုပ်ငန်းကို မလုပ်ကိုင်သောအချိန်တွင် ပန်းရံလုပ်ငန်းလုပ်ကိုင်ခြင်း ၊တောင်ယာရှင်းလင်းခြင်း၊ တောင်ယာအဌားခုတ်ခြင်း၊အိမ်ပတ်ဂန်းကျင်ရှင်းလင်းခြင်းဖြင့် ကုန်ဆုံးခဲ့ရသည်။ အမျိုးသမီးဦးစီးသောအိမ်ထောင်စု၊ တိုင်းရင်းသားလူနည်းစု ၊ဂင်ငွေရနည်းသောအုပ်စု စသည်တို့ကိုလည်း စိုက်ပျိုးရေးလုပ်ငန်းကို မှီခိုအားထားကြရသည်။ (၁)ကေလျှင်စပါး(၆၄)တင်းထွက်ရှိပြီး ပြောင်း(၁) ကေလျှင်အနည်းဆုံး(၁၈)အိတ်ခန့် ထွက်ရှိသည်။ ဤကျေးရွာတွင် အသက်မွေးဂမ်းကျောင်းနှင့် ဆက်စပ်ပြဿနာများမှာ- အလုပ်အကိုင်ရှား ပါးခြင်း၊ စိုက်ပျိုးမြေနေရာမရှိခြင်းတို့ကြောင့်ဖြစ်သည်။

## ကွန်နားကျေးရွာ၏ အရင်းမြစ်အသုံးပြုမှုပုံစံ ပြမြေပုံ

| ကျား | မ | ကျား+မ |
|---|---|---|
| ထွန်စက်ကြီး | အပ်ချုပ်စက် | ရေလှောင်ကန် |
| ကိုင်းရှည်ထွန်စက် | | စေတီ |
| ထော်လဂျီ | | ဘုန်းကြီးကျောင်း |
| ကုန်တင်ကား | | စာကြည့်တိုက် |
| ပြောင်းချွေစက် | | ဆေးပေးခန်း |
| မြက်ရိတ်စက် | | သစ်တော |
| နွား | | အထက်တန်းကျောင်း |
| ကျွဲ | | လမ်း |
| | | သင်္ချိုင်း |
| | | လယ်ယာ |
| | | တောင်ယာ |
| | | ဈေးဆိုင် |
| | | ခန်းမဆောင် |
| | | ရေချောင်း |
| | | တီးဝိုင်း |

## ကွန်နားကျေးရွာ၏အရင်းအမြစ်ပိုင်ဆိုင်မှုထိန်းချုပ်ခြင်း

| ကျား | မ | ကျား+မ |
|---|---|---|
| ထွန်စက်ကြီး | အပ်ချုပ်စက် | ရေလှောင်ကန် |
| ကိုင်းရှည်ထွန်စက် | ဈေးဆိုင် | လယ်ယာ |
| ထော်လဂျီ | | တောင်ယာ |
| ကုန်တင်ကား | | စေတီ |
| ရေချောင်း | | ဘုန်းကြီးကျောင်း |
| ပြောင်းချွေစက် | | စာကြည့်တိုက် |
| မြတ်ရိတ်စက် | | ဆေးပေးခန်း |
| တီးဝိုင်း | | သစ်တော |
| | | အထက်တန်းကျောင်း |
| | | လမ်း |
| | | ကွဲ |
| | | နွား |
| | | သင်္ချိုင်း |
| | | ခန်းမဆောင် |

# ကွန်နားကျေးရွာ၏ အရင်းမြစ်အသုံးပြုမှုနှင့် ထိန်းချုပ်မှုသုံးသပ်ချက်

# ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း

ကွန်နားကျေးရွာ၏ အရင်းအမြစ်အသုံးပြုမှုနှင့် ထိန်းချုပ်မှုသုံးသပ်ချက်အရ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြသောကြောင့် လယ်ယာသုံးစက်ပစ္စည်း ကိရိယာများဖြစ်သော ထွန်စက်ကြီး၊ ပြောင်းခွှေစက်၊ ကိုင်းရှည်စက်၊ ထော်လဂျီ၊ ကုန်တင်ကားမြတ်ရိတ်စက ကျွဲနွား တို့ကို အမျိုးသားများက သီးသန့် သုံးစွဲကြသည်။

အမျိုးသားနှင့်အမျိုးသမီး အတူတူသုံးစွဲ/ထိန်းချုပ်ကြသောအရာများမှာ ရေလှောင်ကန်၊ ခန်းမဆောင်၊ စေတီ၊ဘုန်းကြီးကျောင်း၊ စာကြည့်တိုက်၊ ဆေးပေးခန်း၊ သစ်တော၊ လယ်ယာ ၊တောင်ယာ၊ အထက်တန်းကျောင်း၊ သင်္ချိုင်း စသည်တို့ဖြစ်ကြသည်။ အမျိုးသမီးများကလည်း ကိုယ်နိုင်သည့်ဂန်ကို ထမ်းသကဲ့သို့ တဖက်တလှမ်းမှ ကောက်စိုက်ခြင်း၊ ပျိုးနုတ်ခြင်း၊ ပြောင်းဖူးစိုက်ခြင်းတို့ကို ကူညီဆောင်ရွက်ကြရသည်။ အမျိုးသားများ ဂင်ငွေရသောအလုပ်ကို လုပ်ကိုင်သကဲ့သို့ အမျိုးသမီးများကလည်း ချက်ပြုတ်ရေး၊အိမ်မှုကိစ္စ၊ အိမ်ဆိုင်ဖွင့်လှစ်ခြင်း ဖြင့်ဂင်ငွေရှာကြသည်။ ပြုပြင်ထိန်းသိမ်းရေးအပိုင်းတွင် အမျိုးသားက ဦးဆောင်ပြီး သန့်ရှင်းရေးအပိုင်းတွင် အမျိုးသမီးက တာဂန်ယူလေ့ရှိသည်။ အမျိုးသားရှာလာသော ငွေများကို အမျိုးသမီးများ ထိန်းချုပ်မှသာလျှင် အိမ်ထောင်ရေးသာယာ အဆင်ပြေနိုင်ပါသည်။ အမျိုးသမီး အသုံးပြုသော အပ်ချုပ်စက်၊ ဈေးဆိုင်သည် အသေးစိပ်ပြုလုပ်ရသောကြောင့် အမျိုးသားများက ထိန်းချုပ်မည်ဆိုလျှင် အဆင်ပြေနိုင်မည် မဟုတ်ချေ။

ကွန်နားကျေးရွာ၏ အရင်းအမြစ် သုံးစွဲထိန်းချုပ်မှုကို သုံးသပ်ခြင်းအားဖြင့် အမျိုးသမီးသီးသန့် ထိန်းချုပ်မှုနည်းရခြင်းမှာ အမျိုးသမီးအလုပ်၊ အမျိုးသားအလုပ်ဟူ၍ ခွဲခြားထားခြင်းမရှိဘဲ မောင်တစ်ထမ်း မယ်တစ် ရွက် ဆိုသကဲ့သို့တိုင်ပင်ညှိနိုင်းကာ လုပ်ကိုင်စားသောက်ကြကြောင်းတွေ့ရှိရသည်။

# ပင့်ကူအိမ်ပြမြေပုံ



ပါဝင်ဆွေးနွေးသူ

ကျား -၃၇ ဦး ——

မ -၄၃ ဦး ——

မှတ်တမ်းတင်သူ

အမည် - ဒေါ်နန်းခိုင်နု

ရာထူး -လူထုစည်းရုံးရေးမှူး(CF)

# ပင့်ကူအိမ်သုံးသပ်ချက်များ

# ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း

ကွန်နားကျေးရွာ၏ ပင့်ကူအိမ်သုံးသပ်ချက်အရ ဦးဆောင်နိုင်ခွင့်တွင် အမျိုးသားများက အဆင့် (၈)တွင်ရှိပြီး အမျိုးသမီးများအဆင့်(၆)တွင် ရှိနေရခြင်းမှာ ဆုံးဖြတ်ပိုင်ခွင့်တွင် အမျိုးသမီးများသည် အသိပညာအားနည်းခြင်း၊ အိမ်မှုကိစ္စတွင် အချိန်ကုန်ကာ ပြင်ပသို့ အလုပ်လုပ်ကိုင်ခွင့်မရရှိခြင်း၊ အမျိုးသားများက ဆုံးဖြတ်ခွင့် ပေးထားသော်လည်း ကိုယ်ကိုယ်ယုံကြည်မှုမရှိခြင်း၊ စိတ်ပါဝင်မှုအားနည်းခြင်း တို့ကြောင့်ဖြစ်သည်။

ဆုံးဖြတ်ပိုင်ခွင့်တွင် အမျိုးသမီးများသည် ရှေးရိုးအယူအဆများကြောင့် အစည်းအဝေးတွင် အမျိုးသားများသာ တက်ရောက်ကြပြီး ကျေးရွာကိစ္စရပ်များကို အမျိုးသားများကသာ ဆုံးဖြတ်ချက်ချပြီး အမျိုးသားများက ဦးဆောင်ကာ အကောင်ထည်ဖော်ဆောင်ရွက်သော အလေ့အကျင့်ရှိသောကြောင့် ဖြစ်သည်။ အမျိုးသမီးများကို အစည်းအဝေးများတွင် ပါဝင်လုပ်ဆောင်ရန် နှိုးဆော်သော်လည်း အရေးကြီးသောဆုံးဖြတ်ချက်ချရာ တွင်မပြောရဲမဆိုရဲဖြစ်ခြင်း၊ အရက်အကြောက်ကြီးစွာလူကြားမတိုးရဲဘဲ အမျိုးသားများဆုံးဖြတ်ချက်ကိုသာနာခံကြခြင်း၊ အမျိုးသမီးများဆုံးဖြတ်ချက်ကိုလည်း အလေးထားဆောင်ရွက်ပေးမှုမရှိခြင်းစသည့် အချက်များကြောင့် အမျိုးသမီးများမှာ ပွင့်လင်းမှုအားနည်းပြီး မိမိကိုယ်မိမိယုံကြည်မှုတည်ဆောက်ရန် အားနည်းနေသေးသည်။ အမျိုးသမီးများသည် ရပ်ရေးရွာ ရေးကိစ္စတွင် ဦးဆောင်ခွင့်၊ ဆုံးဖြတ်ခွင့်မပါဝင်သော်လည်း အိမ်မှုကိစ္စ၊ ပစ္စည်းဥစ္စာခနေ ထိန်းချုပ်ရာတွင် အမျိုးသားထက်ပိုမိုစေ့စပ် သေချာကြောင်းသုံးသပ်မိသည်။

လုံခြုံမှုတွင် အမျိုးသမီးများအားနည်းရခြင်း မှာ-ရှေးရိုးအယူအဆကြောင့် သမီးများကို မိဘနှင့် ဝေးရာနေရာသို့ သွားရောက်ခွင့်မပေးခြင်း၊ အမျိုးသမီး များသည်ခွန်အားသတ္တိနည်းပါးခြင်းကြောင့် ဖြစ်သည်။ အိမ်မှုကိစ္စတွင် အမျိုးသားများအားနည်း ရခြင်းမှာ အသေးအမွှားအလုပ် ၊ချက်ပြုတ်ရေးအလုပ်တွင် စိတ်မဝင်စားဘဲ ဝင်ငွေရသောအလုပ်တွင်သာ စိတ်ဝင်စားခြင်း ၊ ရှေးရိုးအစွဲကြောင့် အိမ်မှုကိစ္စတွင် အမျိုးသမီး၌သာ တာဝန်ရှိကြောင်း တို့ကြောင့်ဖြစ်သည်။

အမွေရပိုင်ခွင့်၊ အဖွဲ့အစည်းတွင် ပူးပေါင်းပါဝင်ခွင့်၊ ပညာရေးလက်လှမ်းမှီခွင့် တွင် အမျိုးသမီးနှင့် အမျိုးသားများသည် တန်းတူအခွင့်အရေးရကြသည်။ ပညာရေးအပိုင်းတွင် အမျိုးသမီးနှင့် အမျိုးသားများသည် ကြိုးစားမှုအားထုတ်မှုပေါ်မူတည် ပြီး တစ်ဦးနှင့် တစ်ဦး ကွဲပြားခြားနား သွားသော်လည်း မိဘကပညာကို တန်းတူသင်ပိုင်ခွင့် ပေးထားကြသည်။ ကွန်နားကျေးရွာတွင်ရှိသော အမျိုးသမီးများသည် ဦးဆောင်ရာတွင် အမျိုးသားနှင့် တန်းတူအခွင့်အရေးမရသော်လည်း အိမ်မှုကိစ္စ၊ အိမ်ထောင်ရေးသာယာလုပရေး၊ သားသမီးလိမ္မာရေးခြားရေးပစ္စည်းဥစ္စာထိန်းချုပ်မှုတွင် အမျိုးသားများထက်ပိုမို လုပ်ဆောင်ကြောင်း သုံးသပ်မိသည်။

အချုပ်အားဖြင့်ဆိုသော်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများကိုတက်ကြွစွာ ပါဝင်လုပ်ရှားစေခြင်း၊ ဦးဆောင်ဆုံးဖြတ်ချက်ချစေခြင်း၊ အမျိုးသမီးများဆွေးနွေး ပြောကြားချက်များကိုလေးစား မှုပြုခြင်းဖြင့် လက်တွဲခေါ်ဆောင်ရန် လိုအပ်ပါသည်။

# အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ

## အဖွဲ့အစည်းချိတ်ဆက်မှု ပြပုံ(ကျေးရွာအတွင်း/အပြင်)




ပါဝင်ဆွေးနွေးသူ

ကျား- ၃၇ ဦး

မ- ၄၃ ဦး

မှတ်တမ်းတင်သူ

အမည် ဒေါ်နန်းအိနုခ

ရာထူး လူထုလူစည်းရုံးရေးမှူး

## အဖွဲ့အစည်းချိတ်ဆက်မှုပြပုံ (ဗင်းပုံစံ)သုံးသပ်ချက်များ

## ဆွေးနွေးချက်နှင့် ဆန်းစစ်ချက်

ကွန်နားကျေးရွာတွင်း အဖွဲ့များဖြစ်သော အုပ်ချုပ်ရေးမှူး နှင့် အတွင်းရေးမှူးသည် ကျေးရွာပြင်ပ မှ လာရောက်သောအဖွဲ့စည်း အားလုံးကို ကျေးရွာလူထုနှင့် ချိတ်ဆက်မှု ပြုလုပ်ပေးသည်။ အုပ်ချုပ်ရေးမှူးသည် ကျေးရွာဖွံ့ဖြိုးရေးအတွက် အုပ်စုအစည်းအဝေးတက်ရောက်ပြီး ကျေးရွာတွင် ပြန်လည်ဖြန့်ဝေပေးရကာ ကျေးရွာလူထုနှင့် မြို့နယ်ကြား ချိတ်ဆက်ပေးသည်။ အတွင်းရေးမှူးအဖွဲ့သည် ကျေးရွာတွင်းကိစ္စပေါ်ပေါက်လာပါက အုပ်ချုပ်ရေးမှူး မှမဆုံးဖြတ်နိုင်သော ကိစ္စရပ်များကို ကူညီဆုံးဖြတ်ပေးကြသည်။ သာရေးနာရေးကိစ္စ၊ ဘာသာရေးပွဲလမ်းသဘင်ကိစ္စတွင် လူငယ်အဖွဲ့ကအဓိကဦးဆောင်ကြသည်။ ဓမ္မစကြာအဖွဲ့သည် ကျေးရွာဘာသာရေးပွဲလမ်းသဘင်၊ နာရေးကိစ္စတွင် ပါဝင်ကူညီသည်။ ကျေးရွာတွင် သာရေးနာရေးကိစ္စတို့တွင်ရပ်မိရပ်၊ အတွင်းရေးမှူး၊ ဆယ်အိမ်မှူး၊ လူငယ်အဖွဲ့အမျိုးအမီးအဖွဲ့၊ ကျေးရွာကော်မတီအဖွဲ့တို့က အားလုံးပိုင်းဂန်းဆောင်ရွက်ကြသည်။ ရွာမိရွာဖ(၅)ဦးအဖွဲ့သည် အတွင်းရေးမှူးမှ ဆုံးဖြတ်၍မရသောကိစ္စရပ်တွင် ကူညီတိုင်ပင်ဆုံးဖြတ်ပေးသည်။ ကော်မတီ(၂၅)ဦးသည် ကျေးရွာကိစ္စမှန်သမျှကို ဆွေးနွေးတိုင်ပင်ရန်အတွက် ထားရှိသည်။ အမျိုးသမီးအဖွဲ့သည် ရှမ်းစာပေယဉ်ကျေးမှု၊ဓမ္မစကြာ၊ ဓမ္မစကူးလ် စသည်တို့တွင် အဓိကဦးဆောင်သည်။

အုပ်စုအုပ်ချုပ်ရေးမှူးသည် ကျေးရွာအုပ်စုတစ်စုတွင် အာဏာအရှိဆုံး ပုဂ္ဂုလ်ဖြစ်သောကြောင့် ကျေးရွာအုပ်စုဖွံ့ဖြိုးရေးကိစ္စတွင်သော်လည်းကောင်း၊ ကျေးရွာအုပ်စုတွင်း ကိစ္စအရပ်ရပ်ကို ကူညီဖြေရှင်းပေးရသည်။ ဌာနဆိုင်ရာမှ ညွှန်ကြားလာသော သတင်းအချက်အလက်များ ကို ကျေးရွာအုပ်စုရေးမှူးနှင့် ချိတ်ဆက်ဆောင်ရွက်ရသည်။ (၅)နှစ်တစ်ကြိမ် အပြောင်းအလဲရှိသည်။

ကျေးရွာပြင်ပအဖွဲ့ဖြစ်သော IRCအဖွဲ့သည်(၂၀၁၉)ခုနှစ်တွင် စတင်ဝင်ရောက်ပြီး ရေကောင်းရေသန့်ရရှိခြင်း လုပ်ငန်းကိုအုပ်ချုပ်ရေးမှူး၊ အတွင်းရေးမှူးနှင့်ချိတ်ဆက်ကာ ကျေးရွာလူထုနှင့် ပူးပေါင်းလုပ်ဆောင်ခဲ့သည်။ (၁)နှစ်စီမံကိန်း ဖြစ်သည် ။ ရေစဉ်အိုးကို(၁)အိမ်(၁)လုံး ပြုလုပ်ပေးခဲ့ပြီးဇီဂရေအိုးနှင့် ပတ်သက်သော ကျန်းမာရေးအသိပညာများကို ဟောပြောဆွေးနွေးခဲ့သည်။ Save the children အဖွဲ့သည် (၂၀၁၅) ခုနှစ်မှ(၂၀၁၇)ခုနှစ် ထိဝင်ရောက်ခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့မှဖွဲ့စည်းထားသော စေတနာ့ဝန်ထမ်း(၁)ဦးနှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့သည်။ ၎င်းအဖွဲ့သည် ကျန်းမာရေးအသိပညာပေးခြင်း၊ ၄က် ဖျားသွေးစစ်ဆေးပေးခြင်း ၊ဆေးဝါးထောက်ပံ့ပေးခြင်း၊ (၃)လတစ်ခါကျေးရွာသန့်ရှင်းရေး ဆောင်ရွက်ပေး ခြင်း တို့ကိုပြုလုပ်ပေးခဲ့သည်။

ဗင်းပုံစံသုံးသပ်ချက်အရ (၂၀၁၅-၂၀၁၇)ခုနှစ်တွင် (Care)မြန်မာအဖွဲ့သည် (၃)နှစ် စီမံကိန်းဖြင့် အုပ်ချုပ်ရေးမှူး နှင့် ချိတ်ဆက်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးကျန်းမာရေးဆိုင်ရာ လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။ ဘုန်းကြီးကျောင်းတွင် ရေလှောင်ကန်(၁)ကန်၊ ဆေးပေးခန်းတွင် (၁)ကန်နှင့် ကျေးရွာလူထုအတွက် ရေလှောင်ကန်(၁)ကန် ဆောက်လုပ်ပေးခဲ့သည်။ စိုက်ပျိုးမြေကပေါ် မူတည်ကာ ထောက်ပံ့ ငွေထုတ်ပေး ပြီးသီးနှံထွက်ချိန်တွင်သီးနှံများ ရောင်းချကာရရှိလာသောရံပုံငွေကို ကျေးရွာရံပုံငွေအဖြစ် ပြန်ထားရသည်။ မွေးမြူရေးတွင် တစ်အိမ်ကိုဂက်နှစ်ကောင်နှုန်း ထောက်ပံ့ပေးခဲ့သည် ကျန်း

မာရေးပိုင်းတွင် ကလေးနှင့်မိခင်ကို ထောက်ပံ့ငွေပေးခြင်း၊ ငှက်ဖျားရောဂါစစ်ဆေးခြင်း၊ ကြက်ခြေနီ သင်တန်းပေးပြီး ဆေးပုံးထောက်ပံ့ပေးခြင်း တို့ကို ပြုလုပ်ပေးခဲ့သည်။

မိုင်းရှင်းလင်းရေးအဖွဲ့နှင့် ကြက်ခြေနီအဖွဲ့သည် (၂၀၁၇)ခုနှစ်တွင် စတင် ဝင်ရောက်ပြီး မိုင်းအသိပညာနှင့် ကျန်းမာရေးအသိပညာဟောပြောပေးခြင်း၊ လူမှောင်ခိုပပျောက်ရေး၊ ကလေးများ အခမဲ့ခိုင်းစေခြင်း၊ အကြမ်းဖက်ခြင်းပပျောက်ရေး၊ ယာဉ်စည်းကမ်းလမ်း စည်းကမ်း နှင့် မြန်မာနိုင်ငံဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲ ပြုလုပ်ပေးသည်။ လူထုဗဟိုပြုစီမံကိန်း(CDD) အဖွဲ့သည်(၂၀၁၇)ခုနှစ်တွင် စတင်ဝင်ရောက်ကာ အုပ်စုလူဦးရေပေါ်မူတည်ပြီး ရရှိလာသောရံပုံငွေကို ကျေးရွာလူထုကိုယ်တိုင်ကျေးရွာလိုအပ်ချက်ဖြစ်သော မော်တာဖြင့်ရေသွယ်ခြင်းလုပ်ငန်းနှင့် (၂၀၁၈)ခုနှစ်တွင် ခန်းမဆောင်တည်ဆောက်ခြင်းလုပ်ငန်းကိုပြုလုပ်ပေးသည်။ (၄)နှစ်စီမံကိန်းဖြစ်သည်။

ကရင်နီနယ်လှည့်ကျန်းမာရေးအဖွဲ့သည် ပုံမှန်(၁)လချင် (၁)ကြိမ်ဆေးဝါးများ ထောက်ပံ့ပေးခြင်း၊ ဆေးကုသပေးခြင်းကို အုပ်ချုပ်ရေးမှုတဆင့် ချိတ်ဆက်ဆောင်ရွက်ကြသည်။ မိုင်းရှင်းလင်းရေးအဖွဲ့နှင့် ကြက်ခြေနီအဖွဲ့သည် (၂၀၁၇)ခုနှစ်မှ စတင်ဝင်ရောက်ပြီး မိုင်းအသိပညာနှင့် ကျန်းမာရေးအသိပညာဟောပြောပေးခြင်း၊ လူမှောင်ခိုပပျောက်ရေး၊ ကလေးများအခမဲ့ခိုင်းစေခြင်း ၊ အကြမ်းဖက်ခြင်း ပပျောက်ရေး၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းနှင့် မြန်မာနိုင်ငံဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲ ပြုလုပ်ပေးသည်။

ကျေးရွာပြင်ပအဖွဲ့ဖြစ်သော IRCအဖွဲ့၊ Save the Cildren အဖွဲ့၊ ကဲမြန်မာအဖွဲ့သည် ယခုအခါတွင် ကျေးရွာနှင့် ချိတ်ဆက်မှုမရှိတော့ပေ။ မိုင်းရှင်းလင်းရေးအဖွဲ့၊ လူထုဗဟိုပြုစီမံကိန်းအဖွဲ့၊ ကရင်နီနယ်လှည့်ကျန်းမာရေးအဖွဲ့သည် ယခုအချိန်ထိ ကျေးရွာနှင့် ချိတ်ဆက်မှုရှိနေသေးသည်။

ဗင်းပုံစံသုံးသပ်ချက်ကို ဆွေးနွေးခြင်းအားဖြင့် ကွန်နားကျေးရွာတွင်းရှိသော အဖွဲ့အစည်းများသည် ကျေးရွာသာရေးနာရေးကို စွဘာသာရေးကိစ္စတွင်အတူတကွ ပူးပေါင်းဆောင် ရွက်ကြသော်လည်း ကျေးရွာပြင်ပမှ လာရောက်သောဖွံ့ဖြိုးရေးအဖွဲ့၊ ကျန်းမာရေးအဖွဲ့ တို့သည် အုပ်ချုပ်ရေးမှုတဆင့် ချိတ်ဆက်ဆောင်ရွက်ရကြောင်းသုံးသပ်မိသည်။

# ကျေးရွာစီ/ထောက်ကော်မတီဖွဲ့စည်းပုံဇယား

**ကျေးရွာစီထောက်ကော်မတီဥက္ကဌ**

၁။ ဦးစိုးဝင်း

၂။ ဒေါ်နန်းနုအေး

**စောင့်ကြည့်ကြီးကြပ်ရေး ကော်မတီ**

၁။ ဦးစံလှ

၂။ ဒေါ်နန်းမြသိန်းရွှေ

**လည်ပတ်ထိန်းသိမ်းရေးကော်မတီ**

၁။ ဦးစိုင်းလုံ

၂။ ဒေါ်နန်းစိန်

**ဝယ်ယူရေးကော်မတီ**

၁။ ဦးရှိုရှို

၂။ ဒေါ်နန်းစန္ဒာ

**ကျေးရွာစေတနာ့ဝန်ထမ်း**

၁။ စိုင်းကျော်ဇေယျ

၂။ နန်းခမ်းစန်

**ဂေဖန်အကြံပြုတိုင်ကြားချက် ဖြေရှင်းရေးအဖွဲ့**

၁။ ဦးစိုင်းသီဟ

၂။ ဒေါ်နန်းထွေးရီ

**ငွေစာရင်းကိုင်**

၁။ ဦးသိန်းမောင်

**ပါဝင်ဆွေးနွေးသူ**

ကျား- (၃၇) ဦး

မ - (၄၃) ဦး

**မှတ်တမ်းတင်သူ**

အမည် -ဒေါ်နန်းစိန်နု

ရာထူး - လူထုစည်းရုံးရေးမှူး

## ကျေးရွာအုပ်စုစီထောက်ကော်မတီဖွဲ့စည်းပုံဇယား




ပါဝင်ဆွေးနွေးသူ

ကျား- ၄၄ ဦး

မ - ၂၂ ဦး

မှတ်တမ်းတင်သူ

အမည်-ဒေါ်နန်းစိန်နု

ရာထူး-လူထုစည်းရုံးရေးမှူး

# အုပ်စုကော်မတီအဖွဲ့ဝင်များ

| စဉ် | ကော်မတီအမျိုးသားများ | စဉ် | ကော်မတီအမျိုးသမီးများ |
|---|---|---|---|
| ၁ | ဦးစိုင်းလိတ် | ၁၄ | ဒေါ်အဲလစ်ဇဘတ် |
| ၂ | ဦးစိုင်းခမ်းမှူး | ၁၅ | ဒေါ်နန်းငွေရီ |
| ၃ | ဦးကျော်လှ | ၁၆ | ဒေါ်မငယ် |
| ၄ | ဦးမားရီးကို | ၁၇ | ဒေါ်နှင်းရွှေ |
| ၅ | ဦးအန်ဂျလို | ၁၈ | ဒေါ်ခရစ္စတီးနား |
| ၆ | ဦးကီးရယ် | ၁၉ | ဒေါ်နားမို |
| ၇ | ဦးကြား | ၂၀ | ဒေါ်ဘယ်ရော |
| ၈ | ဦးစူးရယ် | ၂၁ | ဒေါ်တူးမြာ |
| ၉ | ဦးယောဟန် | ၂၂ | ဒေါ်နန်းနအေး |
| ၁၀ | ဦးငါးရယ် | ၂၃ | ဒေါ်နန်းခင်သိန်း |
| ၁၁ | ဦးခဲပေး | ၂၄ | ဒေါ်နန်းခမ်းသည် |
| ၁၂ | ဦးစိုင်းပြား | ၂၅ | ဒေါ်နန်းထွေးညို |
| ၁၃ | ဒေါ်နန်းငွဲ့ | | |

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပလပမလုံးဖိတ်လက်ခရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအားကျေးရွာအချက်အလက်များကိုမေးမြန်းရမည်ဖြစ်ပြီး ဤအချက်အလက်များကိုစီမံကိန်းဖိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။စီမံကိန်းဖိတ်လက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | | |
| ကျေးရွာခေါင်းဆောင် အမည် ဦးချက် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏အမည် ဒေါ်နန်းဖြိုးနွဲ့ | |
| ပြည်နယ်/တိုင်းဒေသကြီး ၊ ကယား | မြို့နယ် လွိုင်ကော် | ကျေးရွာအုပ်စု ဝါးသါး | ကျေးရွာ ကွန်နား |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)---ရှမ်း | ၉၃ | ဘာသာ(၁)--ဗုဒ္ဓ----- | ၁၀၁ |
| လူမျိုးစု (၂)-ရှမ်း+ကယား | ၅ | ဘာသာ(၂)------------ | |
| လူမျိုးစု (၃)ကယား+တောင်ရိုး | ၂ | ဘာသာ(၃)------------ | |
| ပအိုဝ်း+ကယား | ၁ | | |
| လူမျိုးစုရော------------- | | ဘာသာရော----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | - | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၃၅ | | |
| စစ်ဘေးရှောင် | - | | |
| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) | စုစုပေါင်းအရေအတွက် |
| လူဦးရေ | ၂၇၃ | ၂၇၆ | ၅၄၉ |
| လူမျိုးစု (၁)----ရှမ်း | ၂၅၅ | ၂၆၂ | ၅၁၇ |
| လူမျိုးစု (၂)--ရှမ်း+ကယား | ၁၀ | ၉ | ၁၉ |
| လူမျိုးစု (၃)ကယား+တောင်ရိုး | ၆ | ၄ | ၁၀ |
| အခြား ပအိုဝ်း+ကယား | ၂ | ၁ | ၃ |
| အိမ်ထောင်ဦးစီး | ၇၈ | ၂၃ | ၁၀၁ |

(ခ)အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☑ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☑ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
